inclusive development international

## ချက်ချင်းထုတ်ပြန်ရန်

### မြန်မာနိုင်ငံအတွင်းရှိ ကရင်ပြည်သူလူထုများမှ ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို တောင်းဆိုလိုက်သည် -

မြန်မာနိုင်ငံရှိ ဌာနေကရင်တိုင်းရင်းသား ပြည်သူလူထုများ၏ကိုယ်စားလှယ်များမှ ထိုင်းနိုင်ငံပိုင်ကုမ္ပဏီများမှ လုပ်ကိုင်ဆောင်ရွက်လျှက်ရှိသည့် တွင်းဖွင့်ကျောက်မီးသွေးသတ္တုတူးဖော်ရေးလုပ်ငန်းကြောင့် ဖြစ်ပေါ်လျှက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ကို ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ထံသို့ ၂၀၁၇ ခုနှစ် ဖွန်လ ၂၀ ရက်နေ့တွင် စွပ်စွဲတိုင်ကြားလိုက်ပါသည်။ ဒေသခံများ၏တိုင်တန်းမှုများအရ ဘန်းချောင်း ကျောက်မီးသွေးသတ္တုတွင်းစီမံကိန်းသည် လေနှင့်ရေထုညစ်ညမ်းမှု၊ ဒေသခံများ၏စားဝတ်နေရေးထိခိုက်မှု၊ စိုက်ပျိုးမြေများမတရားသိမ်းယူမှုများနှင့် အခြားသောထိခိုက်နာကျင်မှုများဖြစ်ပေါ်လျှက်ရှိသည်။

အဆိုပါသတ္တုတွင်းစီမံကိန်းသည်ကရင်အမျိုးသားအစည်းအရုံးနှင့်မြန်မာ့တပ်မတော်တို့အကြား ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားလျှက်ရှိသည့်ပဋိပက္ခဒဏ်ကို ခံစားနေရသော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၁၆၀၀၀ ကျော်နေထိုင်နေသော ဘန်းချောင်းဒေသကို ထိခိုက်ရန်ရှိနေသည်။ ၂၀၁၂ ခုနှစ်တွင်ယာယီ အပစ်အခတ်ရပ်စဲမှု စာချုပ်ရေးထိုးပြီးနောက်ပိုင်းတွင် စီမံကိန်းကြောင့် ပြင်ပမှ အလုပ်သမားများနှင့် လက်နက်ကိုင်စစ်သားများ ရောက်ရှိလာမှုကြောင့် ဒေသခံများအနေဖြင့် မလုံခြုံမှုများ ထပ်မံ ခံစားလာရသည်။

ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် တာကပေါလူငယ်အဖွဲ့နှင့်အားလုံးပါဝင်သော နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့(Inclusive Development Internatioanl) တို့၏အကူအညီဖြင့် ပြုလုပ်သည့် ဤတောင်းဆိုမှုသည် ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို ကျောက်မီးသွေးသတ္တုတွင်းနှင့်ပါဝင်ပတ်သက်လျှက်ရှိသည့် ထိုင်းနိုင်ငံမှ ပိုင်ဆိုင်သော ကုမ္ပဏီ ၃ ခုဖြစ်သည့် Energy Earth PCL ၊ East Star Company နှင့် Thai Asset Mining Company တို့အပြင်စတုတ္ထ ကုမ္ပဏီဖြစ်သည့် မြေကေ ၂၁၀၀ ပေါ်တွင် သတ္တုလုပ်ကိုင်ခွင့်ရရှိထားသော မြန်မာနိုင်ငံအခြေစိုက် မေဖလားဝါး ကုမ္ပဏီတို့၏ လုပ်ငန်းလည်ပတ်မှုများကို လာရောက်စစ်ဆေးပေးရန် တောင်းဆိုသည်။

တာကပေါလူငယ်အဖွဲ့ကမူ "အစိုးရသည်အဆိုပါ ကျောက်မီးသွေးသတ္တုတွင်းလုပ်ကွက်ခွင့်ပြုမိန့်ကို ဝေးလံခေါင်ဖျားပြီး စောင့်ကြည့်ကြပ်မတ်ရန်ခက်ခဲသည့် ဒေသသို့ ချပေးခဲ့သည်။ ထိုင်းနိုင်ငံမှ ကုမ္ပဏီများသည် စီမံကိန်းကြောင့် ဖြစ်သာသည့် ဆိုးကျိုးသက်ရောက်မှုများကို အလေးဂရုမပြုဘဲ ၎င်းတို့အကျိုးစီးပွား ရရှိရေး အတွက်သာ အလုပ်လုပ်ကိုင်လျှက်ရှိသည်။ ယနေ့အချိန်တွင် အစိုးရအနေဖြင့် ဘန်းချောင်းသတ္တုတွင်းလုပ်ငန်း စီမံကိန်းကို ပြန်လည်ဆန်းစစ်ပြီး အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည့်အချိန်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့လည်း ဤစီမံကိန်းကို လာရောက် လုပ်ကိုင်လျှက်ရှိသည့် ထိုင်းနိုင်ငံမှ ကုမ္ပဏီများ၏ လုပ်ကိုင်ဆောင်ရွက်နေပုံများကိုလည်း လာရောက်ဆန်းစစ်ပြီး စီမံကိန်းကြောင့် ဖြစ်ပေါ်ခဲ့ရသည့် မည်သည့်ထိခိုက်နစ်နာရမှုများအတွက်မဆို ပြန်လည်ပေးလျှော်မှုများ ပြုလုပ်ရန်အတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ပေးရန်တောင်းဆိုသည် "

လွတ်လပ်သော ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်သည် ကမ္ဘာပေါ်တွင် အနည်းငယ်သာရှိသော မိမိနိုင်ငံတွင်း မှတ်ပုံတင်ထားပြီးနိုင်ငံရပ်ခြားတိုင်းပြည်များတွင် စီးပွားရေးသွားရောက်လုပ်ကိုင်သည့် ကုမ္ပဏီများ၏ လုပ်ကိုင်

ဆောင်ရွက်ပုံများကို ဆန်းစစ်လေ့လာမှုများပြုလုပ်သည့် လူ့အခွင့်အရေးကော်မရှင်များအနက် တစ်ခုဖြစ်ပါသည်။ ဆန်းစစ်လေ့လာမှုများ၏အဆုံးတွင် ကော်မရှင်သည် ၄င်း၏အသေးစိတ်တွေ့ရှိချက်များကို အခြေခံကာ လူထုသို့ အစီရင်ခံစာထုတ်ပြန်သည်။

တိုင်ကြားမှုများအရ ဘန်းချောင်းဒေသတွင်နေထိုင်သည့် ဒေသခံလူထုများသည် ကျန်းမာခွင့်၊ ပြည့်စုံလုံလောက်သောစံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လူနေမှုဘဝရရှိခွင့်တို့အပါအဝင် မြောက်များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ဆိုးဆိုးရွားရွားကြုံတွေ့နေကြရသည်။ဘန်းချောင်းကျောက်မီးသွေးတွင်းမှထွက်လာသော စွန့်ပစ်မြေစာလောင်ကျွမ်းပြီးအနံဆိုးများထွက်ပေါ်နေခြင်းသည် ဒေသခံများကို ၄င်းတို့၏နေအိမ်များတွင် မနေနိုင်ဘဲစွန့်ခွာထွက်ပြေးရန် လှုံ့ဆော်နေသကဲ့သို့အဆိုပါအနံ့ဆိုးများကြောင့် မူးဝေအော့အန်ခြင်း၊ ဖျားနာခြင်းများလည်းဖြစ်ပေါ်လျှက်ရှိသည်။ စီမံကိန်းကြောင့် ဒေသခံများ သောက်သုံးရန်၊ ချိုးရန်၊ ချက်ပြုတ်ရန် အသုံးပြုသည့် ရေအရင်းအမြစ်များသည်လည်း ညစ်ညမ်းသွားခဲ့ပြီဖြစ်သည်။ ဒေသခံများ၏တိုင်ကြားမှုများအရ မိုးရာသီတွင် ညစ်ညမ်းမှုများသည် ဒေသတွင်းရှိ မြစ်ချောင်းများ အတွင်းသို့စီးဝင်ပြီး ငါးများ၊ ဟင်းသီးဟင်းရွက်များကို သေကျေပျက်စီးစေသဖြင့် ၄င်းတို့၏ စားဝတ်နေရေးနှင့် လူမှုဘဝကို ထိခိုက်လျှက်ရှိကြောင်း သိရသည်။

တိုင်ကြားသူဒေသခံများမှ သတ္တုတွင်းလုပ်ကိုင်သူများသည် ဒေသခံများထံမှ စိုက်ပျိုးမြေများကိုလည်း တရားမဝင်ဘဲ သိမ်းယူမှုများရှိနေပြီး အချို့မှာ လျော်ကြေးတစ်စုံတစ်ရာရရှိခြင်းမရှိဟုဆိုသည်။ တိုင်ကြားသူများမှ ကုမ္ပဏီသည် ဒေသခံဌာနေကရင်တိုင်းရင်းသားများနှင့် သဘောတူညီမှုရရှိအောင်လုပ်ဆောင်ရန်ပျက်ကွက်ခဲ့ပြီး ၄င်းတို့၏ကိုယ်ပိုင်ပြဌာန်းခွင့်နှင့်ရိုးရာယဉ်ကျေးမှုဆိုင်ရာလူမှုဘဝအခြေအနေများကို ခြိမ်းခြောက်လျှက်ရှိသည်ဟု ဆိုသည်။

အများပါဝင်သောနိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့မှ ဥပဒေဆိုင်ရာညွှန်ကြားရေးမှူး Natalie Bugalskiကမူ"ကျောက်မီးသွေးစီမံကိန်းတွေဆိုတာ လူ့အခွင့်အရေးအရ၊ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘဝ ထိခိုက်မှုရှုထောင့်တွေကနေကြည့်ရင်ထိခိုက်နိုင်ခြေအများဆုံး စီမံကိန်းတွေဖြစ်တယ်။ ဒီစီမံကိန်းကတော့ လူမဆန်တဲ့ ဆယ်စုနှစ်ချီပဋိပက္ခတွေကနေ အခုမှစပြီးရုန်းထွက်ဖို့ လုပ်နေတဲ့ ဒေသရဲ့အလယ်တည့်တည့်မှာမှ လာလုပ် နေတာဖြစ်တယ်" ဟုဆိုသည်။ "ဟုတ်ပါတယ်။ ကုမ္ပဏီတွေက ဒေသခံတွေနဲ့ဆွေးနွေးတိုင်ပင်ဖို့၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်တွေကို လေးစားလိုက်နာဖို့တွေကို လုံးဝကြီးပျက်ကွက်ခဲ့တာပါ" ဟုလည်း မှတ်ချက်ပြုပြောဆိုသည်။

သိရသည့်အချက်အရ မေဖလားဝါးကုမ္ပဏီသည် မြန်မာနိုင်ငံ၏အချမ်းသာဆုံး မိသားစုများအနက် တစ်ခုမှ ပိုင်ဆိုင်ပြီး ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်များတွင် ခွင့်ပြုမိန့်ရရှိထားသည်။ သို့သော် မြေပြင်တွင် တူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်ကားမဟုတ်ပေ။ ထိုင်းနိုင်ငံ ရက်ချ်ဘူရီ တွင် အခြေစိုက်သည့် East Star နှင့် ကန်ချနဘူရီတွင် အခြေစိုက်သည့် Thai Asset ကုမ္ပဏီတို့က သတ္တုတွင်းနှင့်ဆက်စပ်သယ်ယူပို့ဆောင်တည်ဆောက်ရေး လုပ်ငန်းများကို အကောက်အထည်ဖော်လျှက်ရှိသည်။ ဘန်ကောက်တွင် အခြေစိုက်သည့် Corporation Energy Earth မှ အဆိုပါသတ္တုတွင်းလုပ်ငန်းများကို ရန်ပုံငွေထောက်ပံ့ရန် နှင့် ၄င်းတို့၏ ဝယ်ယူသူကွန်ရက်များကို ဖြန့်ဝေရန်အတွက် သဘောတူညီမှုတစ်ခုကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

စီမံကိန်းကြောင့်ထိခိုက်ခံစားရသော ဒေသခံလူထုများ၏ ကိုယ်စားလှယ်များက ၄င်းတို့သည် သတ္တုတွင်းကို အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသော ကုမ္ပဏီများနှင့် ညှိနှိုင်းနိုင်ရန် နှစ်ပေါင်းများစွာကြိုးစားခဲ့ပြီး

ရလာဒ်ကား အချည်းနှီးသားဖြစ်သည်ဟုဆိုသည်။ ယနေ့အချိန်တွင်ကားငင်းတို့မှစီမံကိန်းများကိုလုံးဝရပ်ဆိုင်းရန် တောင်းဆိုနေပြီဖြစ်သည်။

စီမံကိန်းကြောင့်ထိခိုက်ခံစားနေရသည့် ကျေးရွာတစ်ရွာမှ လူထုကိုယ်စားလှယ်တစ်ဦးက "ကျွန်တော်တို့က ကျောက်မီးသွေးတွေမီး ထ ထလောင်နေလို့ ဆိုးဆိုးရွားရွားခံစားနေရတယ်။ ကုမ္ပဏီကလည်းဒီကိစ္စကို မဖြေရှင်း ပေးနိုင်ဘူးဆိုတာကျွန်တော်တို့သိရပြီ။ အဲဒါက ကျွန်တော်တို့ဘဝတွေကို ဘယ်လိုမှ ဆက်ပြီး သည်းမခံနိုင်အောင် လုပ်နေတာပဲ။ ဒီကျောက်မီးသွေးပုံကြီးမီး ဒီလိုပဲအမြဲတမ်းမီးလောင်နေမှာကို ကျွန်တော်တို့ တကယ်ပဲ ကြောက်လှပါတယ်။ ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ဒီစီမံကိန်းကို လာရောက်စစ်ဆေးပြီး ထိုင်းနိုင်ငံပိုင် ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံက ဒေသခံတွေအပေါ်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ထပ်မံမပြုလုပ်ဖို့ သေချာအောင်လုပ်ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။

အသေးစိတ်ထပ်မံသိရှိလိုပါက (၁) နော်ပီသလော ဖုန်းနံပါတ် - ၀၉၄၂၂၂၀၇၂၇၆ (၂) စောတင်ဦး ဖုန်းနံပါတ်- ၀၉၄၅၆၁၅၅၄၁၅ (၃) Natalie Bugalski: natalie@inclusivedevelopment.net. ထံသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။